# I Arrive Soon, Who Will Be Ready !

## သင်းအုပ်ဆရာများ၊ ဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဓမ္မမိတ်ဆွေများအတွက် ဘုရားရှင်ရဲ့ သတိပေးချက်များ

(၂၀၁၁ ခုနှစ်၊ မေလ- ၆ ရက်နေ့တွင် ဒေါက်တာအိုဂက်စတိုမကွင်းရိုးအား ဘုရားရှင်မှ ပြောကြားခြင်းဖြစ်ပါသည်။)

ကျွန်တော်ရုံးကိုရောက်ရောက်ချင်း ခရစ်တော်ဘုရားရှင် ရုံးခန်းထဲမှာ ပေါ်လာပြီး ကျွန်တော့်ကို လာတွေ့တယ်။ အနားကိုရောက်လာပြီး ကျွန်တော့် ပုခုံးကို သူ့လက်နဲ့ ကိုင်လိုက်တဲ့အချိန်မှာတော့. . .

ကိုယ်ခန္ဓာတစ်ခုလုံးကို မီးလျှံအားဖြင့် လွှမ်းခြုံလိုက်သလို ခံစားရပြီး၊ မကြာခင်မှာဘဲ ဘုရားရှင်ရဲ့ အသံတော်ကို စတင်ကြားရတော့တာပါပဲ။ **‘ဤအရာများကို ချရေးပြီး သူတို့အားပြောပြပေးပါ’** တဲ့။

ထာဝရအရှင် ဘုရားသခင်ပြောကြားသည်မှာ - သင်းအုပ်ဆရာများ၊ ဧဝံဂေလိဟောကြားသူများ၊ ဘုန်းတော်ကြီးများနှင့် အမှုတော်ဆောင်များ သိစေရန်မှာ . . ငါ၏အမျက်ဒေါသသည် သင်တို့အပေါ်သို့ ကျရောက်၍ လောင်ကျွမ်းလိမ့်မည်။ သင်တို့သည် ချီဆောင်ခြင်းကို မခံရကြ။ အဘယ်ကြောင့်နည်းဟူမူကား - သင်တို့သည် ငါ၏လမ်းတော်တို့ကို စွန့်ပယ်၍ ငါ၏သိုးတို့ကို သင်တို့၏အကျိုးစီးပွားဖြစ်စေလျက် ထိုသိုးတို့ကို အမှီပြု၍ သင်တို့၏စည်းစိမ်ချမ်းသာကို တည်ဆောက်တတ်ကြ၏။ သင်တို့သည် နောင်တရခြင်း၊ ပြောင်းလဲခြင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်း၊ ငါဘုရားရှင်၏ ချီဆောင်ခြင်းနှင့် ဒုတိယအကြိမ် ကြွလာခြင်းတို့အပေါ်တွင် တည်ဆောက်ခြင်းမရှိဘဲ ကိုယ်အကျိုးစီးပွားနှင့်ငွေကြေးချမ်းသာမှုများ ရရှိရေးအပေါ်တွင်သာ တည်ဆောက်မှုတို့ကို ပြုနေသောကြောင့် ငါ၏အမျက်ဒေါသကို သင်တို့အပေါ်သို့ ကျရောက်စေခြင်းအလို့ငှါ၊ ချီဆောင်ခြင်းတွင် သင်တို့မပါမဝင်ရကြ။ ငါထာဝရဘုရားရှင်တပါးတည်းသာလျှင် သင်တို့၏အောင်မြင်ခြင်းအခွင့်နှင့်စွမ်းရည်တို့ကို ပေးပိုင်နိုင်သည်ကို မေ့လျော့၍ ငါ၏ဘုန်းတော်ကို မထင်ရှားစေဘဲလျက် သင်တို့၏အမည်နာမတို့ကိုသာ ကျော်ဇောစေခြင်းအဖို့အလို့ငှါ ပြင်းပြစွာသောစိတ်အများအပြား ရှိကြ၏။ ပရောဖက်တို့သည်လည်း မမှန်ကန်သော ပရောဖက်ပြုခြင်း၊ လုပ်ကြံပြောဆိုသော ရူပါရုံများကို ဝေငှခြင်းတို့ကိုပြုကြ၏။ ***(ပရောဖက်တို့သည် မဟုတ်မမှန်ဟောပြောကြ၏၊ ယဇ်ပုရောဟိတ်တို့သည် ဝန်ခံ၍ အစိုးရကြ၏၊ ထိုသို့သောအမှုကို ငါ၏လူတို့သည် နှစ်သက်ကြ၏။ ထိုအမှုဆုံးသောအခါ သင်တို့သည် အဘယ်သို့ပြုကြလိမ့်မည်နည်း။ ယေရမိ - ၅း၃၁)***

ငါ၏အိမ်ဟု ခေါ်ဝေါ်တင်စားသော အသင်းတော်အားလည်း ပျော်ပွဲရွှင်ပွဲကျင်းပရာ ခန်းမနေရာဆောင်ဖြစ်စေကြ၏။ အသင်းတော်အမှုတော်ဆောင်များ၊ သင်းထောက်လူကြီးများ၊ ဘုန်းတော်ကြီးများတို့သည် စားခြင်း၊ သောက်ခြင်း၊ ပျော်ပွဲရွှင်ပွဲပြုလုပ်ခြင်းတို့ကို အလွန်အမင်း ခုံမင်တပ်မက်ကြလျက် ရှေ့တော်မှောက်တွင် ငါဘုရားရှင်အား အကြောက်အရွံ့ကင်းစွာ၊ ရိုသေမှုကင်းစွာဖြင့် ပြုကြ၏။ ထို့ကြောင့် ငါ၏ဘုန်းတန်ခိုးသည် ထိုဗိမာန်တော်များမှ ထွက်ခွာလျက် ငါ၏ကိုယ်တိုင်ကြွရောက်ခြင်းကိုလည်း ထိုဗိမာန်တော်များအတွင်း၌ မရှိစေရ။ မိမိအပြစ်များကို ဖော်ပြဝန်ချတောင်းပန်၍ ငါ၏ရှေ့တော်တွင် ငိုကြွေးမှုမပြုပါက ချီဆောင်ခြင်းတွင်မပါရှိဘဲ အမျက်တော်ရှစေမည်။

ငါ၏တပည့်တော်ခေါင်းဆောင်များသည်လည်း ပျက်ဆီး၍ ကမ္ဘာကြီးမှလက်ခံမည်ဟုထင်ရသော ဓမ္မပညာ၊ အတွေးအခေါ်ပညာရပ်အသစ်များကို ဗိမာန်တော်အတွင်းသို့ ယူဆောင်လာကြပြီး သင်ကြားပေးခြင်းအလို့ငှါ စီမံကိန်းအသစ်များ ရေးဆွဲလျက်ရှိကြ၏။

‘ချစ်သူများ၏နေ့ရက်’ ကိုဘုရားကျောင်းအတွင်း ဆင်နွှဲကြ၏။ ‘အပြည်ပြည်ဆိုင်ရာလိမ်ညာသူများ၏နေ့ရက်’ ကိုလည်း ဘုရားကျောင်းအတွင်း ဆင်နွှဲကြပြန်၏။ ‘ဝမ်းနည်းသူများ၏ ငိုကြွေးမှုနေ့ရက်’ ကိုလည်း အနက်ရောင်ဝတ်စုံများကိုဝတ်စေလျက် ဘုရားကျောင်းအတွင်းတွင် ငိုကြွေးမှုပြုကြပြန်၏။

ဖျက်ဆီးခြင်း၊ ကမ္ဘာမြေကြီးပေါ်တွင် အရပ်ရပ်၌ အစာခေါင်းပါးခြင်း၊ မတရားညှဉ်းဆဲခံရခြင်းတို့ကို မြင်တွေ့နေကြရသော်လည်း သင်တို့က ‘ယခုကာလများသည် ကယ်တင်ခြင်းနေ့ရက်ကာလများ၊ ကြီးပွားတိုးတက်ရာနေ့ရက်များဖြစ်ကြ၏။ အချိန်ကာလများစွာလည်း ကုန်ဆုံးရန် ကျန်ရှိသေး၏။’ လို့ ဟောပြောကြ၏။ ဘုရားရှင်၏ နည်းလမ်းကို မလိုက်နာဘဲ ကမ္ဘာလမ်းစဉ်အတိုင်း လိုက်လျှောက်ကြ၏။ နှုတ်ကပတ်အားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ အစာရှောင်ကျင့်ကြံခြင်းအားဖြင့်သော်လည်းကောင်း၊ ငါဘုရားရှင်ကို ရှာဖွေခြင်းမပြုကြ။ သူတပါးကို ရောဂါပျောက်စေခြင်း၊ နိမိတ်လက္ခဏာများပြနိုင်ခြင်းနဲ့ ပရောဖက်ပြုနိုင်ခြင်း အစရှိတာတွေ ရရှိဖို့အတွက်သာ အစာရှောင်ဆုတောင်းကြ၏။ ထိုသို့အားဖြင့် မိမိ၏အကျိုးစီးပွားကို တည်ဆောက်ကြ၏။ သင်တို့နှုတ်မှလည်း ‘ငါကိုယ်တိုင်ပဲ ဟောမယ့်တရားကို ငါ့ဖာသာငါ ပြင်ဆင်မယ်။ ငါကိုယ်တိုင်ပဲ ဒီလိုညီလာခံအကြီးကြီးတွေကို ရအောင်လုပ်မယ်။ ယုံကြည်သူတွေကို အကြံပေးမှုတွေလုပ်နေရလို့ သိပ်အလုပ်ရှုပ်နေရတယ်။ ကိုယ့်အတွက်ကိုယ်တောင် အချိန်မရှိနိုင်ဘူး’ လို့ပြောဆိုကြတယ်။

သင်တို့သည် ငါဘုရားရှင်အတွက် အချိန်မရှိကြ။

သိုးများ၏အရှင် တဆူတည်းသောဘုရားရှင်အတွက် အချိန်မပေးလိုကြ။

**‘ဤသင်းအုပ်ဆရာများအားလုံး ချီဆောင်ခြင်းတွင် မပါရ’** ဟုကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။

**‘အကယ်၍ ငါဘုရားရှင်ကို ကြောက်ရွံ့ခြင်းရှိပါက မိမိ၏အဝတ်ကိုဆုတ်လော့။ နှလုံးသားကို ဆုတ်လော့။ စဉ်းစားမှုဉာဏ်ကို ဆုတ်လော့။ ငိုကြွေး၍အပြစ်ဝန်ချ တောင်းပန်လော့။’** ဟူ၍ မိန့်မှာပါတယ်။

**‘နောင်တရ၍ အပြစ်ဝန်ချတောင်းပန်တဲ့နေ့ရက်ကို ငါဘုရားရှင်အတွက် သတ်မှတ်၍ ထိုနေ့၌ပြာကိုဝတ်လျက် ငိုကြွေးခြင်းနှင့်တကွ တောင်းပန်လော့။ သို့နည်းမဟုတ်ပါက သင်သည်ငါနှင့်အတူ ကောင်းကင်ဘုံ၌ လိုက်ပါခွင့်ရမည်မဟုတ်’** ဟူ၍ ခရစ်တော်ဘုရားရှင်အမိန့်ရှိ၏။

‘ငါ၏သိုးတို့သည် ပြုစုထားသောအစာ၊ အမှန်နဲ့အမှား ရောထွေးနေသောအစာကိုသာ စားကြရ၏။ ထိုသင်းအုပ်တို့သည် နှုတ်ကပတ်နို့ရည်စစ်ကို မတိုက်ကျွေးကြ။ ထိုသင်းအုပ်တို့သည် အဆောက်အဦးအသစ်များ တိုးချဲ့ဆောက်လုပ်ရေးကိုသာ ဦးစားပေး၍ စိတ်စောဒကတက်ကြ၏။ ချီဆောင်သိမ်းဆည်းပြီးသည်နှင့်တပြိုင်နက် ထိုအဆောက်အအုံအသစ်များအားလုံးသည် မည်ကဲ့သို့မျှ ငါဘုရားရှင်အတွက် အသုံးမဝင်တော့ပေ။ အကျိုးအမြတ်မရှိသည့် အရင်းအနှီးများသာ ဖြစ်ကြ၏။ နှုတ်ကပတ်တော်အပေါ်၌သာ အရင်းအနှီးပြုကြရမည့်အစား အဆောက်အဦးများအပေါ်တွင် ရင်းနှီးမြှုပ်နှံကြ၏။ နောင်တရခြင်းနှင့် ထာဝရအသက်အကြောင်းများအား ဟောကြားသွန်သင်ရမည့်အစား အောင်မြင်ချမ်းသာကြွယ်ဝမှုရရှိရေး’ တရားများကိုသာ ဟောကြားသွန်သင်ကြ၏။ ဘုရားရှင် ပြောလိုသည်မှာ **‘ကြည့်ရှုလော့၊ ငါ၏နာမတော်ကိုကြောက်ရွံ့ရိုသေသော ငါ၏သတို့သမီးကညာအား မည်မျှလောက်ငါချစ်ခင်စုံမက်သည်ဖြစ်ကြောင်းကို။’**

အချိန်သည် စေ့ခဲ့ပြီ။ အချိန်သည် ပြီးဆုံးခဲ့ပြီ။ ထိုနေရက်ကာလသည် ယခုပင် လာနေဆဲဖြစ်၏။ ချီဆောင်ပြီးသည့်နောက် ငါ၏ရန်သူတို့အုပ်စိုးသည့်ကာလများတွင် နောင်တရ၍ အပြစ်ဝန်ချတောင်းပန်ခြင်းမရှိ။ ဘုရားရှင်ကို ရှာဖွေချိန်မရှိ။ ငါဘုရားရှင်သည် ထိုသူတို့၏ ဆုတောင်းသံကိုနားထောင်မည်မဟုတ်။ ကျေးဇူးကရုဏာပြခြင်းကို သန့်ရှင်းသောဝိညာဉ်တော်နှင့်တကွ မြေပေါ်မှ ငါရုတ်သိမ်းမည်။ ထိုကာလ၌ သင်တို့သည် အသွားကြိတ်ခဲ၍ ကြေကွဲဝမ်းနည်းကြရမည်။ ထို့ကြောင့် နောက်ဆုံးတစ်စက္ကန့်လေးရရှိသည့်တိုင်အောင် အပြစ်ဝန်ချတောင်းပန်လျက် နောင်တရခြင်းဖြင့် ဘုရားရှင်၏ အမျက်တော်ဒဏ်ချက်ကို မခံရပါစေနှင့်။

***အချိန်တန်မှ အရင်မိုးယံနှင့်နောက်မိုးယံကို ရွာစေ၍၊ အသီးအနှံသိမ်းမြဲသိမ်းရာကာလကို ငါတို့အဘို့ သိုထားတော်မူသော ငါတို့၏ဘုရားသခင် ထာဝရဘုရားကို ယခုကြောက်ကြကုန်အံ့ဟု၊ သူတို့သည် စိတ်နှလုံးထဲ၌ မဆိုတတ်ကြ။ သင်တို့ဒုစရိုက်သည် ထိုသို့သောအရာတို့ကို လွှဲ၍၊ သင်တို့အပြစ်သည် သင်တို့၏မင်္ဂလာကို ဆီးတားလေပြီ။ ဝပ်လျက်နေသော မုဆိုးကဲ့သို့ ချောင်းမြောင်းသော လူဆိုးတို့သည် ငါ၏လူတို့တွင် ရှိကြ၏။ လူတို့ကို ထောင်ခြင်းငှါ ထောင်ချောက်ကို ထားကြပြီ။ ငှက်ထောင် အိမ်သည်ငှက်တို့နှင့်ပြည့်သကဲ့သို့၊ သူတို့အိမ်သည် လှည့်စားခြင်းပရိယာယ်နှင့်ပြည့်၏။ ထိုသို့သူတို့သည်အား တိုးပွား၍ ရတတ်ခြင်းသို့ရောက်ကြ၏။ ဝလျက်၊ မျက်နှာပြောင်လျက်ရှိကြ၏။ ဆိုးသောသူတို့ထက်သာ၍ဆိုးကြ၏။ တရားသဖြင့် မစီရင်ကြ။ မိဘမရှိသော သူငယ်၏အမှုကိုစောင့်၍ အနိုင်မပေးကြ။ ဆင်းရဲသောသူဘက်၌ တရားသဖြင့် မစီရင်ကြ။ (ယေရမိ-၅း၂၄-၂၈)*** **‘အပြစ်ဝန်ချတောင်းပန်း၍ နောင်တရပြီး ထိုအပြစ်တို့ကို ထပ်မလုပ်မှသာလျှင် ချီဆောင်ခြင်းကိုခံရမည်’** ဟု ဘုရားရှင် အမိန့်ရှိပါတယ်။

ရုပ်မြင်သံကြား၊ ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် မိမိရဲ့အသက်တာကိုကုန်ဆုံးစေပြီး ဘုရားရှင်အတွက် အချိန်မပေးသူများအားလုံး ကျန်ခဲ့မယ်။ ငါဘုရားရှင် - သင်၏ဘုရားရှင်နှင့် ငါ၏နှုတ်ကပတ်တော်အတွက် အချိန်ပေးပါ။

**‘ငါ၏အပြစ်ဒဏ်၊ အမျက်ဒဏ်မှ ကင်းလွတ်ရန်အတွက် ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့ အပတ်စဉ်လာရောက်ကြသူများကို ငါသိ၏။ ထိုသူတို့သည် ချီဆောင်ခြင်းတွင် မပါရကြ။ တနင်္ဂနွေနေ့ စည်းဝေးပွဲများတွင် အလှဆုံး၊ အကောင်းဆုံး ဝတ်ကောင်းစားလှများဝတ်၍ သူငယ်ချင်းအပေါင်းအဖော် မိတ်ဆွေများနှင့်တက်ရောက်ခြင်း၊ အဝတ်အစားများကို ပြသကြွားခြင်း၊ အချင်းချင်းစကားပြောဆို ရင်းနှီးမှုဖွဲ့ခြင်းမျိုးကို ပြုကြ၏။ ငါ၏အသင်းတော်အား သင်တို့၏ချိန်းချက်ရာနေရာ၊ လူမှုဆက်ဆံရေးနယ်ပယ် ဖြစ်စေ၏။ နာရီပေါင်းများစွာ တီဗွီရှေ့တွင် အချိန်ကုန်လွန်၍ ထိုမှတဆင့် မြင်ကြားသိရသော အကြံပေးတိုင်ပင်ခံ၊ စာအုပ်ကောင်းရေးသူများနှင့် သိပ္ပံနည်းလမ်းဆရာများအား အားကိုးယုံကြည်သော သင်တို့အား ငါခရစ်တော်ဘုရားသည် ချီဆောင်ခြင်းတွင် ချီဆောင်မည်မဟုတ်။ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော် တစ်ဦးတည်းကိုသာ မိတ်ဆွေစစ်ဖြစ်စေ၍ အားကိုးယုံကြည်ရမည့်အစား အမှောင်၌ မျက်စိလည်၍ မှားနေကြသည်’** လို့ပြောပါတယ်။ ထိုသူတို့အားလုံး ခရစ်တော် အယောင်အဆောင်အတုနှင့် သားရဲ၏တံဆိပ်ခတ်ခြင်းကို ခံစိမ့်သောငှါ ကျန်ခဲ့ကြလိမ့်မည်။

အသင်းတော်အတွင်း၌ ဝိဝါဒကွဲပြားစေရန် မိစ္ဆာပရောဖက်တို့နှင့် မကောင်းဆိုးဝါးတို့သည် ပြုကြ၏။ ငါ၏နှုတ်ကပတ်တော်နှင့် ငါ၏အကြောင်းတရားတို့အား မသင်ကြားသော အသင်းတော်အား ချီဆောင်ခြင်းတွင် ငါမချီဆောင်။

ခန္ဓာကိုယ်ကို ရောင်းစားသူများ၊ ပြစားသူများ၊ မသင့်လျော်သောအဝတ်များဖြင့် တန်ဆာဆင်သူများ၊ ရင်သားနှင့်တန်ဆာများကို ဖော်ပြသည့်သူအများသည် လောကသားများဖြစ်ကြသည်။ ထိုကဲ့သို့သော လောကီဆန်သည့် ခရစ်ယာန်များသည် ‘ငါတို့၏ဘဝကို သခင်ဘုရားပေးခဲ့ပြီးပြီ။ ဘာကြောင့် ဒီဝတ်စားဆင်ယင်မှု၊ စိတ်ကြိုက်အသက်ရှင်မှုကို လာပြောနေရတာလဲ? ငါ့စိတ်နဲ့ငါ ကြိုက်သလိုပဲပေါ့။‘ ဟူ၍ စောဒကတက်ကြသည်။ သိစေရန်မှာကြားလိုက်သည်မှာ - **ငါသည် သင်တို့ဆန္ဒရှိသည့်အတိုင်း သင်တို့အား ဒီကမ္ဘာနှင့်ထားခဲ့ပြီးပြီဖြစ်ကြောင်း၊ ငါသည် ငါ၏ဇိမာန်တော်ဖြစ်သော သင်တို့၏ ကိုယ်ခန္ဓာကို အခြားတပါးသောဘုရားများနှင့် ဒွန်တွဲ၍ကျိန်းဝပ်နေမည့် ဘုရားမဟုတ်ကြောင်း သိစေအပ်၏။**

**တနင်္ဂနွေ (သို့) စနေ . . မည်သည့်နေ့ရက်ကိုမဆို သင်တို့၏ သင်းအုပ်တို့ရွေးချယ်၍ ထိုနေ့ရက်တွင် ငါ့အားဝတ်ပြုကိုးကွယ်ခြင်းကို ပြုရမည်ဟု သတ်မှတ်ထားသော်ငြားလည်း ရောင်းဝယ်ဖောက်ကားခြင်း၊ ကိုယ်စိတ်ထက်သန်သည့် ကစားနည်းများကစားခြင်းတို့ကို ပြုလုပ်ကြ၏။ ထိုသူတို့အားလည်း ချီဆောင်ခြင်းတွင် ငါဘုရားရှင်သိမ်းသွင်းမည်မဟုတ်။ ထိုနေ့ရက်သည် ဥပုသ်နေ့ဖြစ်သောကြောင့် သန့်ရှင်းစေ၍ ဘုရားဝတ်၌မွေ့လျော်ရမည်မဟုတ်လော။ သင်တို့သည် ငါ့အားဘုရားကဲ့သို့ လည်းကောင်း၊ အရှင်သခင်ကဲ့သို့လည်းကောင်း၊ ရိုသေစွာဆက်ဆံခြင်းမရှိကြ။** သင်တို့က ‘ဘုရားကို ကြောက်တာ ဆိုတဲ့ဟာက ဓမ္မဟောင်းမှာလေ။ အခုငါတို့ က. . ကျေးဇူးတရားရဲ့လက်အောက်မှာမဟုတ်ဘူးလား’ဟု ပြောလေ့ရှိ၏။

ကျေးဇူးတရားအောက်မှာ ဘုရားရှင်ကို သင်တို့မရှိသေသင့်ကြပေဘူးလား။ ကြောက်ရွံ့၍ ဒုစရိုက်ကို မရှောင်ကြဉ်သင့်ကြပေဘူးလား။ ကျေးဇူးခံလူတန်းစားဆိုပြီး ငါဘုရားရှင်ကို မထီမဲ့မြင်ပြုပြီး အသက်ရှင်ကြမလား။ ဆုတောင်းစဉ်မှာ ဒီလိုမျိုး ငြင်းဆန်သလို ဒီသတိပေးချက်ကို ဖတ်စဉ်မှာပဲ ဒီလိုပဲ ငြင်းဆန်နေကြဦးမလား။

ငါသည် လူလိမ်တို့ကို ချီဆောင်ရန်ဖြစ်လာ၍ ချီဆောင်မည်မဟုတ်။ မာနကြီးသူ၊ ယုံမှားမှုကို သက်ဝင်ယုံကြည်သူ၊ ကမ္ဘာလောကကြီးကို ချစ်သူ၊ လောကီဆန်သူတို့အား လာရောက်၍ ချီဆောင်မည်မဟုတ်။

သင်၏အရှင်၊ ငါဘုရားသခင် မိန့်မှာလိုက်သည်မှာ - **ငါ၏နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက်၍ ထိုသူတို့နှင့်ကြဉ်ရှောင်လော့။ မယုံကြည်သူ နှင့် မညီထမ်းပိုးကို ထမ်းခြင်းဖြင့် ထင်ကျန်ရစ်ခဲ့စရာအကြောင်းရှိ၏။ (၂ ကော- ၆း၁၄-၁၇)**

**နှုတ်ကပတ်တော်မပါရှိသည့် အမှန်တရားနှင့်ဖြစ်သင့်သည့်တရားများကို မိမိရင်ဝယ်၌ပိုက်သော ထိုသူ တို့နှင့် ငါ၏ကျွန်များ၊ သင်းအုပ်ဆရာများကို နှောင့်ယှက်ဖျက်ဆီးသော ထိုသူတို့အားလုံးအား ငါခရစ်တော်ဘုရားသည် ချီဆောင်ခြင်းတွင် သိမ်းသွင်းမည်မဟုတ်။**

**ဤ ငါ၏သက်သေခံချက်များကို တိုး၍ဖြစ်စေ၊ လျှော့၍ဖြစ်စေ ပြုလုပ်သောသူတို့သည် အမင်္ဂလာရှိကြ၏။**

**ဤ သက်သေခံချက်များသည်ငါ၏သက်သေခံ ကမ်းလှမ်းချက်များဖြစ်သောကြောင့် လက်ခံလိုက လက်ခံစေ၊ ငြင်းပယ်လိုက ငြင်းပယ်စေ ဟု ဘုရားရှင် အမိန့်တော်ရှိ၏။**

**ငါ၊ မေရှိယ ကယ်တင်ရှင်. . သင်၏ဘုရားသခင် ထာဝရဘုရားတပါးတည်းသာ ရှိ၏။ အခြားဘုရားမရှိ။**

**မကြာခင် ပြန်လာမည့် ငါ၏လမ်းတော်တို့ကို ပြင်ဆင်ကြလော့. . . ပြင်ဆင်ကြလော့. . . ။**


**ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**

**ဘာသာပြန်ဆိုသူ**

**Chris Htet Naing U**

**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အားဂုဏ်ပြုလျက် ရေးသားပါသည်။)**

**(CHRISHNU@GMAIL.COM သို့တုန့်ပြန်ချက်များကိုပေးပို့ခြင်းဖြင့် အပြန်အလှန်ဆက်သွယ်ကြရအောင်)**